## (၂၅-၉-၂၀၂၀)မှ (၁-၁၀-၂၀၂၀)အထိ

## သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်းကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သောwww.isosugar.orgတွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်းများကိုလေ့လာတွေ့ရှိရပါသည်။အဆိုပါ website တွင်ဖော်ပြချက်များအရသကြားဖြူ(White Sugar) တစ်တန်လျှင်(၁-၉-၂၀၂၀)ရက်နေ့တွင်အမေရိကန်ဒေါ်လာ(၃၆၄.၆၀)ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက် အကျ အပြောင်းအလဲများဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး(၃၀-၉-၂၀၂၀) ရက်နေ့တွင် သကြားဖြူ(WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၃၇၅.၃၀)ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကိုအောက်ပါအတိုင်းတွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 30-Sep-20 | 13.27 cts/lb | 12.86 cts/lb | 375.30 $/T | 17.02 cts/lb |
| 29-Sep-20 | 13.19 cts/lb | 12.80 cts/lb | 371.80 $/T | 16.86 cts/lb |
| 28-Sep-20 | 12.82 cts/lb | 12.75 cts/lb | 366.65 $/T | 16.63 cts/lb |
| 25-Sep-20 | 13.26 cts/lb | 12.72 cts/lb | 376.50 $/T | 17.08 cts/lb |
| 24-Sep-20 | 13.12 cts/lb | 12.66 cts/lb | 374.10 $/T | 16.97 cts/lb |
| 23-Sep-20 | 13.09 cts/lb | 12.62 cts/lb | 371.60 $/T | 16.86 cts/lb |
| 22-Sep-20 | 13.17 cts/lb | 12.60 cts/lb | 372.15 $/T | 16.88 cts/lb |
| 21-Sep-20 | 12.88 cts/lb | 12.59 cts/lb | 367.10 $/T | 16.65 cts/lb |
| 18-Sep-20 | 13.11 cts/lb | 12.59 cts/lb | 371.70 $/T | 16.86 cts/lb |
| 17-Sep-20 | 12.97 cts/lb | 12.58 cts/lb | 368.20 $/T | 16.70 cts/lb |
| 16-Sep-20 | 12.67 cts/lb | 12.58 cts/lb | 358.15 $/T | 16.25 cts/lb |
| 15-Sep-20 | 12.44 cts/lb | 12.61 cts/lb | 352.15 $/T | 15.97 cts/lb |
| 14-Sep-20 | 12.21 cts/lb | 12.64 cts/lb | 348.80 $/T | 15.82 cts/lb |
| 11-Sep-20 | 12.33 cts/lb | 12.70 cts/lb | 354.35 $/T | 16.07 cts/lb |
| 10-Sep-20 | 12.32 cts/lb | 12.75 cts/lb | 353.20 $/T | 16.02 cts/lb |
| 9-Sep-20 | 12.40 cts/lb | 12.80 cts/lb | 356.50 $/T | 16.17 cts/lb |
| 8-Sep-20 | 12.42 cts/lb | 12.86 cts/lb | 358.75 $/T | 16.27 cts/lb |
| 7-Sep-20 | 12.39 cts/lb | 12.93 cts/lb | 358.95 $/T | 16.28 cts/lb |
| 4-Sep-20 | 12.35 cts/lb | 12.98 cts/lb | 354.80 $/T | 16.09 cts/lb |
| 3-Sep-20 | 12.49 cts/lb | 13.04 cts/lb | 355.55 $/T | 16.13 cts/lb |
| 2-Sep-20 | 12.86 cts/lb | 13.10 cts/lb | 361.20 $/T | 16.38 cts/lb |
| 1-Sep-20 | 12.96 cts/lb | 13.13 cts/lb | 364.60 $/T | 16.54 cts/lb |

၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ(၁)တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ (၈၄၃)ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊အမေရိကန်နိုင်ငံ တွင်(၁)တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ(၂၆၀)ဒေါ်လာ၊ပါကစ္စတန်နိုင်ငံတွင်(၁)တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ (၅၄၄-၅၅၉) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင်(၁)တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ (၄၅၅-၅၇၈) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး

ယခင်အပတ်နှင့်နှိုင်းယှဉ်ပါကတရုတ်နိုင်ငံတွင် သကြားဈေးနှုန်း တည်ငြိမ်နေပြီး ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင်သကြားဈေးနှုန်းများ မြင့်တက်ခဲ့ကာ အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့ သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ၌ သကြား(၁)တန်လျှင်ပျမ်းမျှဈေးမှာအမေရိကန်ဒေါ်လာ(၃၄၅)ဒေါ်လာရှိပြီးတရုတ်နိုင်ငံတွင်သကြား(၁)တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ(၈၄၃)ဒေါ်လာပေါက်ဈေးရှိသောကြောင့် (၁)တန်ပေါ်တွင်အမေရိကန်ဒေါ်လာ (၄၉၈)ဒေါ်လာဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်၊ မြဝတီမြို့တွင်သကြား(၁)တန်လျှင်အမေရိကန်ဒေါ်လာ (၅၇၄) ဝန်းကျင်ရှိပြီးထိုင်းနိုင်ငံ၊မဲဆောက်မြို့၌(၁)တန်လျှင်အမေရိကန်ဒေါ်လာ(၆၀၂)ဝန်းကျင်ခန့်ရှိကြောင်းလေ့လာသိရှိရပါသည်။

ထို့အပြင်ရက်သတ္တပတ်အတွင်းတိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ ၌နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင်ဟားခါးမြို့တွင် သကြား၁ပိဿာလျှင် (၁၉၀၀) ကျပ်နှင့်ရန်ကုန်မြို့တွင် သကြား ၁ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့်အမြင့်ဆုံးဖြစ်ပေါ်နေပြီးဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြား ၁ ပိဿာလျှင် (၁၀၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည်ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင်၅.၀၆% ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။